**MOHT COVID-19 Resilience Package (2)**

**Hospitality Capacity Upgrading for Tourism Industry Personnel**

**ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်းများ(မွမ်းမံ)ဖွင့်လှစ်ရန် ကြေငြာခြင်း**

- ဟိုတယ်နှင့်ခရီးသွားကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် Coronavirus Disease 2019 – COVID-19 ကြောင့် ခရီးသွားလုပ်ငန်း ကျဆင်းလျှက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများပြန်လည်မြှင့်တင်နိုင်ရန်ရည်ရွယ်၍ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု (မွမ်းမံ) သင်တန်းများကို ဟိုတယ်ဇုံ အသီးသီး၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပါသည်။

- ဖွင့်လှစ်မည့်သင်တန်းအမျိုးအစားများမှာ Front Office Operation, Housekeeping, Food & Beverage Services, and Hotel Reservation သင်တန်းများ ဖြစ်ပါသည်။ သင်တန်းကာလမှာ ရက်သတ္တပတ် ၁ ပတ်လျှင် တနင်္လာမှ သောကြာအထိ (၃) ပတ်ကြာ (၁၅) ရက်သင်ကြားပေးမည် ဖြစ်ပြီး သင်တန်းများကို COVID-19 Lockdown အလွန်ကာလ (ခန့်မှန်း ဇွန်လဆန်း) တွင် စတင်ဖွင့်လှစ် ရန်လျာထားပါသည်။

- လက်ရှိဟိုတယ်တွင်တာဝန်ထမ်းဆောင်နေသော ဟိုတယ်ဝန်ထမ်းများ၊ ယခင်က ဟိုတယ်များတွင်လုပ်ကိုင်ခဲ့သောအထောက်အထားရှိပြီး လက်ရှိ တွင် အလုပ်အကိုင် လက်လွတ် ဆုံးရှုံးထားသော ဟိုတယ်ဝန်ထမ်းများ တက်ရောက်နိုင်ပါသည်။

- သင်တန်းကြေး ခြောက်သောင်းကျပ်ကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန COVID-19 Stimulus Package မှ ကျခံပေးမည့်အပြင် သင်တန်းတက်ရောက်မည့်သင်တန်းသားများအား သင်တန်းကာလအတွင်း တစ်ရက်လျှင် ၄၈၀၀ ကျပ်နှုန်းဖြင့် ထောက်ပံ့ပေးမည် ဖြစ်ပါသည်။

- အပတ်စဉ်တစ်ခုတွင် သင်တန်းတစ်ခုလျှင် (၁၀) ဦးနှုန်း သင်တန်းသား ၄၀ ဦးဖြင့် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်စတင်ဖွင့်လှစ်ပြီး သင်တန်း တက်ရောက်လိုသူ အရေအတွက်ပေါ် မူတည်၍ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ တိုးချဲ့ဖွင့်လှစ်သွားပါမည်။

- သင်တန်းသားရွေးချယ်မှုကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့အစည်းများ သက်ဆိုင်ရာဇုံအလိုက် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင် များအသင်းနှင့်ပူးပေါင်းရွေးချယ်သွားမည်ဖြစ်ရာ သင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနနှင့် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (မန္တလေးရုံးခွဲ) တို့တွင် မိမိတို့လုပ်ကိုင်ရာ ဇုံ အလိုက် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းထံ လိပ်မူ၍ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

- Online မှ လျှောက်ထားရန် : လျှောက်လွှာများကို https://bit.ly/2Lz7BUg မှ Download ရယူဖြည့်စွက်ပြီးလျှင် moht.covid.rp2@gmail.com သို့ပေးပို့ပါရန်။